

စိုးမိုးစာပေ

ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)

# ရင် ထဲ က တ တ ယော နွယ်

# အခန်း(၁)

ဧမင်းကို အိပ်ရာနိုးလို့ ရေချိုးပြီးတဲ့ အချိန်ဟာ နံနက်ကိုးနာရီကျော်ပါပြီ။

ဒီမနက် ယောနှင့်တွေ့ဖို့ ချိန်းထားသည် ။ ထို့ကြောင့် ဧမင်း တက်တက်ကြွကြွ ပျော်ပျော်မြူးမြူးဖြင့် လေကလေးချွန်ကာ ရေချိုးခန်းထဲ ထွက်လာပါသည် ။

တိုက်အဟောင်းလေးရဲ့ ခုနစ်လွှာမှာ ဆိုပေမယ့် သူနှင့်အမေသာရှိသော ဒီတိုက်ခန်းလေးက ကျယ်ဝန်းပါသည် ။ ပြီးတော့ လေတဟူးဟူး တိုက်ခတ်နေသဖြင့် လေကောင်းလေသန့်ရသည် ။ တက်ရဆင်းရတာက နည်းနည်း လျှာထွက်ရတာကလွဲလျှင် အားလုံးအိုကေပါ။

တဘက်နှင့် ဦးခေါင်းကို ခပ်ဖွဖွသုတ်ကာ လေချွန်မပျက်ဘဲ သူ့အခန်းဆီ လျှောက်လာသည် ။

သူ့အခန်းဆိုတာက သုံးထပ်သားနှင့် ကာရံထားတဲ့ အခန်း။ အခန်းထဲမှာ ခုတင်တစ်လုံး၊ သစ်သားဗီရို ခပ်နွမ်းနွမ်းတစ်လုံး၊ စာကြည့်စားပွဲတစ်ခု၊ နံရံမှာ ချိတ်ထားတဲ့ မှန်ကြီးကြီးတစ်ချပ်၊ ဒီလောက်ပဲရှိတာပါ။

ဒါပေမဲ့ ရှိသမျှပစ္စည်းတွေက ဗရုတ်သုကနှင့် ပွရှုပ်နေသည် ။ ခေါင်းအုံးက ရွဲ့စောင်းပြီး စောင်က မခေါက်ရသေး။ ခြင်ထောင်က တစ်ဝက်ချ တစ်ဝက်ချည်လျက် တန်းလန်း။ ရေလဲပုဆိုးတွေ၊ တစ်ခါဝတ်ပြီးသား

ဘောင်းဘီတို၊ ဘောင်းဘီရှည်တွေဖြစ်သလို လှမ်းလှမ်းတင်ထားသဖြင့် ပလတ်စတစ်ကြိုးက အိတွဲကျပြီး အဝတ်တွေက မသပ်မရပ်ဖြစ်နေ၏။

ဇေမင်းက ရေသုတ်ပြီးသား တဘက်အစိုကို ထုံးစံအတိုင်း ဖြစ်သလိုပဲ ထိုတန်းပေါ်သို့ ပစ်တင်လိုက်ပါသည် ။

ပြီးလျှင် ဗီရိုကိုဖွင့်ပြီး ဘာဝတ်ရမလဲဟု စဉ်းစားရွေးထုတ်သည် ။

တကယ်တော့ သူ့ဆီမှာ သားနားတဲ့ အဝတ်အစားက သုံးလေးစုံထက်မပိုပါ။ ဒါကိုပဲ ဘောင်းဘီနှင့် အင်္ကျီတွေ အထက်အောက်မထပ်အောင် ပြောင်းတွဲပြီး ထပ်တလဲလဲဝတ်နေတာ။

အခုလည်း ယောက လိုက်တယ်ပြောတဲ့ ကာကီရောင် ဘောင်းဘီပွပွနှင့် တီရှပ်အနက်ကိုပဲ ဆွဲထုတ်လိုက်သည် ။

ဦးထုပ်က ဗီရိုပေါ်မှာ ရှိပြီးသား။

အား...သေစမ်း၊ ဖိနပ် ဖုန်မသုတ်ရသေးပါလား။

တစ်ရန်တည်းသော ဘွတ်ရှူးကို စိတ်ပျက်လက်ပျက် လှမ်းကြည့်လိုက်သည် ။

ဒီတစ်ခါ လခထုတ်ရင်တော့ ဖိနပ်အလှည့်ပေါ့။ ကောင်းကောင်းလေးတစ်ရန်တော့ ဝယ်ထားမှ ဖြစ်တော့မည်။

ရည်းစားရလာတော့ ဇေမင်းအတွက် လိုအပ်ချက်တွေ အတော်များလာပါသည် ။ အမွှေးနံ့သာတွေလည်း အရင်ကထက် ပိုမိုသုံးစွဲလာရသည် ။ ခေါင်းလိမ်းဆီ၊ ဂျယ်၊ ရေမွှေး၊ ဘော်ဒီစပရေး။ သူ့အခန်းနံရံက အထပ်မှာ ဘူးတွေ များ ပြားစီရီနေပြီ။

ဇေမင်းက မှန်ရှေ့သွားကာ သူ့ဆံပင်ရေစိုတွေကို တစ်ချက်ထိုးဖွလို

က်သည္ ။

ဇေမင်းရဲ့ ဆံပင်က အော်အရောင်ကပင် အနည်းငယ် နီကြင်ကြင်ဖြစ်နေတာ။ ဆေးအရောင်ဆိုးဖို့ တောင်မလို။ ပျော့ဝင်းပြီး နဖူးပေါ် ဝဲကျနေသည် ။

ဒါတောင် ဂရုမစိုက်ဘဲ ဖြစ်သလိုနေလို့ ပါ။

ကားဝပ်ရှော့မှာ ဆီချေးပေဘာပေနှင့် လူက နုရှနေလို့ ရတာမှ မဟုတ်ဘဲ။

ကားအောက်ထဲ ဖျတ်ခနဲ လှဲဝင်အိပ်ပြီး လိုတာပြုပြင်တပ်ဆင်ပေးရတဲ့ အလုပ်သမားလေးပါ။

ဒါပေမဲ့ ဇေမင်းက အမြဲတမ်း သူများ အလုပ်သမား လုပ်သွားမည့်လူစားတော့ မဟုတ်ပါ။ အခုလည်း အနစ်နာခံပြီး ပညာသင်ယူနေတယ်လို့ပဲ သဘောထားသည် ။

သူဟာ တစ်နေ့နေ့မှာ တော့ ကြီးပွားချမ်းသာရဦးမှာ ပါ။ ဇေမင်းက ချမ်းသာဖို့ စိတ်ကူးထားသည် ။

သို့သော် လက်တွေ့မှာ တော့ မိုးလင်းကမိုးချုပ် နေ့စဉ်ရက်ဆက် ဆီချေးပေသော အဝတ်အစားနှင့် လှုပ်ရှားရုန်းကန်နေရဆဲပါ။

GATSBY ခေါင်းလိမ်းဆီကို နည်းနည်းကော်ယူကာ ခေါင်းပေါ်နှံ့အောင်ပွတ်ပြီး ဆံပင်ကို အပေါ်လှန်ဖြီးလိုက်သည် ။ မရ၊ သူ့ဆံပင်တွေက နဖူးပေါ် ပြန်ဝဲကျလာသည် ။

မထူးပါဘူး။ ဒီအတိုင်း ခပ်ဝဲဝဲနေပစေတော့။

မျက်နှာကို စနိုးနည်းနည်းပွတ်သည် ။ ညိုသောအသားက သိသာ

အောင်တော့ ဖြူမလာပါဘူးလေ။ သို့သော် ကျားကျားလျားလျား လူရွယ်ကောင်လေးရဲ့ အသားအရေက စိုပြည် လတ်ဆတ်နေပါသည် ။ ညိုသော်လည်း စိုလက်နေသည် ။ ကြွက်သားတွေကလည်း သူ့နေရာနှင့်သူ ဖုထစ်နေသည် ။ ဝမ်းဗိုက်က ချပ်ရုံမကဘဲ ကြွက်သားပြင်လို မာကျစ်နေသည် ။

သူ့အရပ်က ငါးပေရှစ်လက်မ။ လူကလည်း လူထွား။ ခပ်ပိန်ပိန်ပုံစံမဟုတ်။

စပရေးနိုပ်ဖြန်းပြီး အင်္ကျီလဲနေတုန်းမှာ ဝရန်တာမှာ ပုတီးထိုင်စိပ်လို့ ပြီးသွားတဲ့ အမေက အိမ်ထဲဘက်လျှောက်လာရင်း

"သားရေ မွှေးလှချည်လားဟေ့"

လှမ်းအသံပြုလိုက်ရာ သူ့နှုတ်ခမ်းတွေ ပြုံးလာလျက်

"ဒီနေ့ ရှုတင်ရှိတယ်လေဗျာ၊ ကောင်မလေးနဲ့ နှစ်ယောက်တည်း လျှောက်လည်တဲ့ အခန်း"

သားရဲ့ ရယ်သံနှင့် ပွင့်ပွင့်လင်းလင်း အသိပေးစကားကြောင့် ဒေါ်ဆွေဆွေတင်က သားဖြစ်သူကို ချစ်စနိုးကြည့်ရင်း…

"သားရယ် အောက်ဒိုးချည်းပဲ ထွက်မနေနဲ့ လေ၊ အိမ်လေးဘာလေး ခေါ် လာပြီး မိတ်ဆက်ပေးတဲ့ အခန်းလည်း ပါဦးမှ ပေါ့"

"ငါ့အမေကတော့ ပိုင်တယ်ဟေ့၊ ချွေးမကို တစ်ခါတည်း အပိုင်ခေါ်ထားချင်နေပြီ။ မေမေ့တယောကသာ သားနောက်လိုက်မယ်ဆိုရင် လောလောဆယ် ဒီအိမ်ပေါ်ပဲ ခေါ်လာရမှာ ဗျ"

"အေးလေ အဲဒါဘာဖြစ်လဲ"

"ဒါပေမဲ့ မသိသေးပါဘူး မေမေရာ၊ သူက သူဌေးသမီးလေ"

ဖေမင်းအသံက အနည်းငယ် အားလျော့သွားရပါသည် ။

အတူနေချင်ပေမယ့် မခေါ်ရက်ပါဘူး။

တယောတို့ ခြံထဲက ကားဂိုဒေါင်ကပင် သူတို့ ရဲ့ ဒီအခန်းထက်တော့ သားနားသစ်လွင်သေးတာ သူမျက်မြင်ပဲ။

နန်းဆန်ဆန် တိုက်အိမ်အနီကြီးထဲကိုတော့ သူမရောက်ဘူးပါ။

ဒေါ်ဆွေဆွေတင်ကလည်း မိခင်နေရာ ရှိတဲ့ သူလေ။

"သားရေ အရမ်းချစ်ရင်ဘာမှ စဉ်းစားမနေနဲ့ ၊ ခိုးသာခိုးပြေးလာခဲ့" ဟု ဘယ်လိုတိုက်တွန်းရမလဲ။

သို့သော် သားချစ်တဲ့ တယောနွယ်ဆိုသူလေးကို မမြင်ဘူးပါပဲ ဒေါ်ဆွေဆွေတင် ချစ်နေရပါပြီ။

ချစ်ဆိုကိုယ့်သားကလည်း တယောမှ တယော ပျာယာခတ်အောင် စွဲလမ်းတွယ်တာ နေတာကိုး။

"သားရယ် အကျီက ဒါပဲလား၊ တစ်ခါလာလည်း တီရှပ်အနက်၊ နှစ်ခါလာလည်း တီရှပ်အမည်း"

"ဒါက သားရဲ့ ခရေဇီကာလာ"

"မင်း ခရေဇီကလည်း နော် မည်းမည်းကိုမှောင်လို့ "

"ဟား...ဟား....ဟား ဒါမှ သားရဲ့ အသားဖြူဖြူလေးက ပေါ်လွင်မှာဗျ"

"အံမယ်လေးနော် သူ့အသားများ ဖြူသတဲ့ ၊ တယောလေးက ဘာကြိုက်သလဲတော့ မပြောတတ်ပါဘူး၊ ဒီငချိတ်ကို"

အမေက သူ့ကို တစ်ခါတလေ ‘ငချိတ်’ဟု ပြောင်ခေါ်တတ်သည်။

တယောကိုကျ ‘တယောလေး’တဲ့။

တော်တော် မျက်နှာလိုက်သည်။ အခေါ်အဝေါ်မှာ ပင် သိသာနေတာ။

"ငချိတ်ရဲ့ ဟောဒီ့ရင်ဘတ်ထဲက နှလုံးသားက ဖြူတယ်လေဗျာ"

"အေးပါ ငချိတ်ဖြူရယ်၊ တစ်နေကုန်အောင် လျှောက်လည်မယ်ပေါ့"

"အမေတစ်ယောက်တည်း ဖြစ်တယ်မဟုတ်လား"

"တစ်သက်လုံးက တစ်ယောက်တည်း ဖြစ်ခဲ့တာပဲလေ၊ အခုမှ အထူးအဆန်း"

"အဲဒါကြောင့် တယောကို မေမေနဲ့ အဖော်ရအောင် ခေါ်ပေးချင်တာ"

"သြော် ဒါဖြင့် ကျုပ်အတွက်ပေါ့"

"ဟဲ ဟဲ ဟဲ"

အမေ အငေါ်တူးပုံက ရယ်ရသည်။ တစ်ခါတစ်ရံ အမေနှင့် ငြင်းခုံပြီး ကလေးလုပ်ရတာ ပျော်စရာကောင်းသည်။ ဘာမှ မရှိဘဲလည်း သူတို့ ဘဝက ပျော်စရာပါ။

ဇေမင်းက အပြင်ထွက်ခါနီးတိုင်း မအေလုပ်သူရဲ့ ခပ်တွဲတွဲပါးပြင်အိအိကို ဘယ်ပြန်ညာပြန် နမ်းရှုံ့တတ်သည်။

အခုလည်း ရွှတ်ခနဲ မွှေးပစ်လိုက်သည်။

"ဟဲ့...မင်းအိတ်ထဲမှာ ပိုက်ဆံရောပါရဲ့လား"

"ပါပါတယ်"

"ရော့ ရော့ နည်းနည်းထပ်ထည့်သွား"

သူ့ခါးကြားထဲက သားရေအိတ်အမည်းရောင် ပြားပြားလေးကို တစ်ချက်ပဟကြည့်ပြီး တစ်ထောင်တန်ငါးရွက် ထပ်ထည့်ပေးသည် ။

သူ့ရဲ့ လခ သုံးသောင်းဆိုတာ သူသုံးလို့ ပင် မလောက်င။

အမေက ဈေးထဲမှာ နံနက်ပိုင်း ပန်းရောင်းလို့ သာ သူတို့ သားအမိ ဟန်မပျက်နေနိုင်တာပါ။

"သိုင်းခ်ကျူး"

ဘိုဆန်ဆန် ကျေးဇူးတင်လိုက်ပြီးနောက် ခုနစ်လွှာတိုက်ခန်းကနေ မူးနေအောင် တစ်ပတ်ပြီးတစ်ပတ် လှေကားထစ်တွေကိုပတ်ကာ အောက်သို့ ပြေးဆင်းလာခဲ့သည် ။

ချစ်သူနှင့် တွေ့ရတော့မည့် လူရွယ်လေး၏ ပုံစံက တက်ကြွလန်းဆန်း သစ်လွင်လတ်ဆတ်နေပါသည် ။

*